“သင်ပြောသည့်အတိုင်း ဟုတ်မှန်ပါက သင်သည် သူတို့အားပြာပူကျွေးနေသကဲ့သို့ဖြစ်၏။ သင်သည် ထိုသို့သော

အခြေအနေတွင် ရှိနေသမျှကာလပတ်လုံး

အလ္လာဟ်အရှင်မြတ်ထံတော်မှ ၎င်းတို့အပေါ်

သင့်အားကူညီသူတစ်ဦးသည် သင်နှင့်အတူ အမြဲရှိနေပေမည်။” ဟု မိန့်ကြားတော်မူခဲ့သည်။

အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည် ပုဂ္ဂိုလ်တစ်ဦးက “အို-
အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်၊ ကျွန်တော်မျိုးတွင် ဆွေမျိုးအချို့ရှိပါပြီး၊ကျွန်တော်မျိုးသည် ၎င်းတို့နှင့် ဆွေးမျိုးသားချင်း အဆက်အသွယ်ထားသော်လည်း
သူတို့ကမူ ကျွန်တော်မျိုးအား ဆက်ဆံမှုဖြတ်တောက်ပါသည်။ ကျွန်တော်မျိုးသည်
သူတို့အား ကောင်းစွာဆက်ဆံသော်လည်း သူတို့ကမူ ကျွန်တော်မျိုးအား
ကောင်းစွာဆက်ဆံခြင်း မပြုပါ။ ကျွန်တော်မျိုးသည် ၎င်းတို့အား
ခွင့်လွှတ်သည်းခံသော်လည်း သူတို့ကမူ ကျွန်တော်မျိုးအပေါ် မိုက်မဲစွာဆက်ဆံပါသည်" ဟု လျှောက်ထားလေသည်။ ထိုအခါတမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က “သင်ပြောသည့်အတိုင်း ဟုတ်မှန်ပါက
သင်သည် သူတို့အား ပြာပူကျွေးနေသကဲ့သို့ဖြစ်၏။ သင်သည် ထိုသို့သော အခြေအနေတွင်
ရှိနေသမျှကာလပတ်လုံး အလ္လာဟ်အရှင်မြတ်ထံတော်မှ ၎င်းတို့အပေါ်
သင့်အားကူညီသူတစ်ဦးသည် သင်နှင့်အတူ အမြဲရှိနေပေမည်။” ဟု မိန့်ကြားတော်မူခဲ့သည်။ [صحيح] [رواه مسلم]

ပုဂ္ဂိုလ်တစ်ဦးသည် တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)ထံ တိုင်တန်းခဲ့သည်မှာ - ၎င်း၌ ဆွေမျိုးအရင်းအချာများရှိပြီး ၎င်းသည် သူတို့နှင့် ကောင်းမွန်စွာဆက်ဆံသော်လည်း သူတို့ကမူ ဆန့်ကျင်ဘက် ဆက်ဆံသည်။ ၎င်းသည် သူတို့နှင့်ဆွေမျိုးဆက်‌သော်လည်း သူတို့ကမူ ဆက်ဆံမှုဖြတ်တောက်သည်။ ၎င်းသည် သူတို့အားသစ္စာရှိစွာ ကောင်းမွန်စွာဆက်ဆံသော်လည်း သူတို့ကမူ မတရားမှုနှင့် ကြမ်းတမ်းစွာဆက်ဆံသည်။ ၎င်းသည် သူတို့အား သည်းခံခွင့်လွှတ်သော်လည်း သူတို့ကမူ ဆိုးယုတ်သောစကားနှင့် အပြုအမူဖြင့် မိုက်မဲစွာဆက်ဆံသည်။ ထိုသို့ဖြစ်နေပါလျှက် ဆက်လက်၍ဆွေမျိုးအဆက်အသွယ်ထားသင့်ပါသလား။ ထိုအခါ တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)ကသူ့အား ဤသို့မိန့်ကြားတော်မူသည်။ “သင်တင်ပြသည့်အတိုင်း ဟုတ်မှန်ပါက သင်သည် သူတို့အားအရှက်ရစေပြီး ၎င်းတို့အား မိမိတို့၏အမြင်တွင် သေးသိမ်စေလိုက်ခြင်း ဖြစ်သည်။ စင်စစ်သင်သည် သူတို့အား ပြာပူကျွေးနေသကဲ့သို့ ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သင်၏ကျေးဇူးပြုမှု များပြားခြင်းနှင့် ၎င်းတို့၏ ဆိုးယုတ်သော အပြုအမူကြောင့်ဖြစ်သည်။စင်စစ် သင်သည် သင်ဖော်ပြခဲ့သောကောင်းမှုအား သူတို့အပေါ်ပြုနေသရွေ့၊ ၎င်းတို့ကလည်းသင်အား မကောင်းမှုပြုနေသရွေ့၊ အလ္လာဟ်အရှင်မြတ်ထံမှ ၎င်းတို့အပေါ်သင့်အားကူညီသူတစ်ဦးသည် သင်နှင့်အတူ အမြဲရှိနေပေမည်။ ထို့ပြင် သင့်အား ၎င်းတို့၏နှောင့်ယှက်မှုမှကာကွယ်ပေးနေပေမည်။

